# ကျောင်းပြောင်းခြင်း၊ ကာလတို ပညာသင်ကြားမှု ပရိုဂရမ်

## အခြားတက္ကသိုလ်သို့ ကျောင်းပြောင်းခြင်း

ကျောင်းပြောင်းစနစ်ရှိသော တက္ကသိုလ်မှာ အများအပြားရှိသော်လည်း လက်တွေ့အခြေအနေမှာ အောက်ပါအတိုင်း အမျိုးမျိုး အထွေထွေ ဖြစ်သည်။

- နှစ်စဉ် ပြုလုပ်မည်ဟု သေချာပေါက် မဆိုနိုင်ပါ။
- အားလုံးသော ဌာန၊ သင်တန်းများတွင် ပြုလုပ်မည်ဟု သေချာပေါက် မဆိုနိုင်ပါ။
- ယခင်တက်ရောက်ပြီးမြောက်ထားသော စာသင်နှစ်အရေအတွက်နှင့် ရရှိထားသော ခရက်ဒစ်များကို ရှိရင်းအတိုင်း လက်ခံမည်ဟု သေချာပေါက် မဆိုနိုင်ပါ။

အခြားတက္ကသိုလ်(ဌာန)သို့ ကျောင်းပြောင်းရန်အတွက် အောက်ပါအရည်အချင်းများမှ တခုခုကို ပြည့်မီရန် လိုအပ်ပါသည်။

- ကောလိပ် ပြီးမြောက်ထားသူ၊ နည်းပညာကောလိပ် ပြီးမြောက်ထားသူ၊ ဒီပလိုမာရှိသူ (အသက်မွေးဝမ်းကျောင်း ပြီးမြောက်ထားသူ)၊ ဘာသာရပ်တစ်ခုခုကို အထူးပြု အထက်တန်း ပြီးမြောက်ထားသူ
- တက္ကသိုလ်ကို တစ်နှစ်ထက်ပိုမိုတက်ရောက်ထားပြီး သတ်မှတ်ထားသော သင်ရိုးများကို အောင်မြင်ထားသူ။ တက္ကသိုလ်ကို ၄ နှစ် တက်ရောက်ပြီး ပြီးမြောက်ထားသူ ဝင်ခွင့်စာမေးပွဲဆိုင်ရာ အချက်အလက်ထက် အခြားတက္ကသိုလ်သို့ ကျောင်းပြောင်းခြင်းဆိုင်ရာ အချက်အလက်သည် နည်းပါးသောကြောင့် အသေးစိတ်ကို မိမိတက်လိုသည့် တက္ကသိုလ်တွင် စောလျင်စွာ စုံစမ်းမေးမြန်းပါ။

### ကျောင်းပြောင်းစနစ်ရှိတက္ကသိုလ်များရှာဖွေရန် (JASSO)

http://www.jasso.go.jp/en/study_j/search/daigakukensaku.html

## ကာလတိုပညာသင်ကြား မှုပရိုဂရမ်

"ကာလတိုပညာသင်ကြားခြင်း" ဆိုသည်မှာ ပညာသင်ဘွဲ့ရရှိရန် မရည်ရွယ်ပဲ ရက်သတ္တပတ်အနည်းငယ်မှ တစ်နှစ်အထိ ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းကို ဆိုလိုပါသည်။ ဂျပန်ဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ သို့မဟုတ် ဘာသာနှစ်မျိုးဖြင့် သင်ကြားလေ့ရှိပါသည်။ နိုင်ငံခြားကျောင်းသားများအတွက် အထူးသင်တန်းများ စီစဉ်ခြင်းရှိသလို တက္ကသိုလ်ဌာန၊ ဌာနခွဲများ၏ ပုံမှန်သင်တန်းများတွင် သင်ယူခြင်းလည်း ရှိပါသည်။ ပုံစံအမျိုးမျိုးနှင့် စီစဉ်ထားပါသည်။
တက္ကသိုလ်ပြီးမြောက်ထားသူဖြစ်ပါက "သုတေသီ" အနေဖြင့် ဘွဲ့လွန်တက္ကသိုလ်တွင် ၆ လ မှ ၁ နှစ် အထိ သုတေသန ပြုနိုင်ပါသည်။

- "ကျောင်းသားဖလှယ်ရေး အစီအစဉ်" ဆိုသည်မှာ ကျောင်းသားဖလှယ်ရေး သဘောတူညီချက် ချုပ်ဆိုထားသော နိုင်ငံခြားတက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားသည့် အစီအစဉ် ဖြစ်ပါသည်။
  မိမိတက္ကသိုလ်သည် ဂျပန်နိုင်ငံရှိ တက္ကသိုလ်တစ်ခုခုနှင့် ကျောင်းသားဖလှယ်ရေး သဘောတူညီချက် ချုပ်ဆိုထားခြင်း ရှိ မရှိ လေ့လာပါ
  ခရက်ဒစ် – များသောအားဖြင့် ကျောင်းသားဖလှယ်ရေး သဘောတူညီချက်အရ နိုင်ငံခြားတက္ကသိုလ်မှရသည့် ခရက်ဒစ်များအား မိမိတက္ကသိုလ်၏ ခရက်ဒစ်အဖြစ် အသိအမှတ် ပြုလေ့ရှိပါသည်။
  ပညာသင်စရိတ် – ပုံမှန်အားဖြင့် မိမိတက္ကသိုလ်သို့ ပေးဆောင်ရပြီး နိုင်ငံခြားတက္ကသိုလ်သို့ ပေးချေစရာမလိုပါ။
  စုံစမ်းရန် – မိမိနိုင်ငံတွင် ယခုတက်ရောက်နေသည့် တက္ကသိုလ်

- "ကျောင်းသားဖလှယ်ရေး အစီအစဉ်" အပြင် အခြားအစီအစဉ်များ
  ကျောင်းသားဖလှယ်ရေး သဘောတူညီချက် မရှိသည့်အပြင် နိုင်ငံခြားတက္ကသိုလ်၏ ကျောင်းသားများလည်း တက်ရောက်နိုင်သည့် အခြားအစီအစဉ်များကို JASSO ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါသည်။ ခရက်ဒစ် – အစီအစဉ်ပေါ်မူတည်၍ ခရက်ဒစ်ရနိုင်သည့်အခါလည်း ရှိသလို မရနိုင်သည့်အခါလည်း ရှိနိုင်ပါသည်။
  ပညာသင်စရိတ် – ပုံမှန်အားဖြင့် နိုင်ငံခြားတက္ကသိုလ်သို့ ပေးချေရပါမည်။
  စုံစမ်းရန် – ဂျပန်နိုင်ငံတွင် တက်ရောက်မည့်တက္ကသိုလ်

### ကာလတိုပရိုဂရမ်ရှိကျောင်းများရှာဖွေရန် (JASSO)

http://www.jasso.go.jp/en/study_j/search/daigakukensaku.html

## အချိန်ပိုင်းကျောင်းသားနှင့် အတန်းခရက်ဒစ်ရကျောင်းသား

နှစ်မျိုးစလုံးသည် ဒီဂရီရရှိရန် ရည်ရွယ်သော အချိန်ပြည့်ကျောင်းသားမဟုတ်သော အချိန်ပိုင်းကျောင်းသား ဖြစ်သည်။ အောဒစ်ကျောင်းသားသည် တက်ရောက်သောအတန်းအား အောင်မြင်ပြီးမြောက်ကြောင်း ခရက်ဒစ်အမှတ်ကို မရရှိနိုင်သော်လည်း၊ ခရက်ဒစ်ရကျောင်းသားသည် တက်ရောက်သောအတန်း၏ ခရက်ဒစ်ကိုရရှိနိုင်သည်။ အောဒစ်ကျောင်းသား၊ ခရက်ဒစ်ရကျောင်းသားအဖြစ် ကျောင်းသားဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ကို ရရှိရန်အတွက် နှစ်မျိုးစလုံးသည် သီတင်းတပတ်လျှင် ၁၀ နာရီ နှင့် အထက် အတန်းတက်ရန် လိုအပ်သည်ဟု ဥပဒေပြဋ္ဌာန်းထားသည်။

**Q** ကာလတို ပညာသင်ကြားခြင်းအတွက် ပညာသင်ဆု ရှိသလား။

**A** အောက်ပါပညာသင်ဆုများ ရှိပါသည်။

။ Student Exchange Support Program (Scholarship for Short-term Study in Japan)
သည် ကျောင်းသားဖလှယ်ရေးဆိုင်ရာ သဘောတူညီချက်အရ ဂျပန်နိုင်ငံတွင် ပညာသင်ကြားသည့် ကျောင်းသားများအတွက် ပညာသင်ဆုအား ပံပိုးပေးနေသည်။ လစဉ်ပညာသင်ဆု – ယန်း၈၀၀၀၀
စုံစမ်းရန် – မိမိနိုင်ငံတွင် ယခုတက်ရောက်နေသည့်တက္ကသိုလ်

။ Japanese Government (Monbukagakusho: MEXT) Scholarship (Japanese Studies Students)
တက္ကသိုလ်တွင် ဌာနတစ်ခုခုတွင် ဂျပန်စာ၊ ဂျပန်ယဉ်ကျေးမှုကို အထူးပြုလေ့လာနေသည့် ကျောင်းသားများအတွက်ပေးသည့် ပညာသင်ဆု ဖြစ်ပါသည်။
လစဉ်ထောက်ပံ့ငွေပမာဏ – ယန်း၁၁၇၀၀၀
စုံစမ်းရန် – နီးစပ်ရာ ဂျပန်သံရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် မိမိနိုင်ငံတွင် ယခုတက်ရောက်နေသည့်တက္ကသိုလ်

အထက်ပါပညာသင်ဆုများအပြင် တက္ကသိုလ်များနှင့် အသင်းအဖွဲ့များ ထောက်ပံ့နေသည့် ပညာသင်ဆုများရှိပါသည်။ တက်ရောက်မည့်တက္ကသိုလ်တွင် စုံစမ်းပါ။